# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းမှဖယ်ရှားခြင်း အကြောင်းသိကောင်းစရာ

Government of South Australia
Department for Education

Burmese / မြန်မာ

ကျောင်းမှဖယ်ရှားခြင်းဆိုသည်မှာ ပညာသင်ကြားရေးနှင့် သင်ယူရေးတွင် မလုံခြုံသည့် သို့မဟုတ် အကြိမ်ကြိမ် အနှောင့်အယှက်ဖြစ်စေသည့် ဆိုးဝါးသော အပြုအမူကို အချိန်ကြာ-တုံ့ပြန်ခြင်းတစ်ရပ်ဖြစ်ပါသည်။

ကျောင်းသားတစ်ဦးမှာ ကျောင်းမှဖယ်ရှားခံရသည့်အခါ ၎င်းသူသည် ကျောင်းသို့ ၄ ပတ်မှ ၁၀ ပတ်အထိ သို့မဟုတ် လက်ရှိ ကျောင်း သုံးလပတ်ကာလကုန်ဆုံးသည်အထိ ပုံမှန်အားဖြင့် (စာမျက်နှာ ၃ ရှိ အခြားနည်း သင်ယူရေးအစီအစဉ်များကို ကြည့်ပါ) ကျောင်းတက်၍ မရတော့ပါဟုဆိုလိုသည်။

ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းအုပ်ကြီးကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးက ကျောင်းမှဖယ်ရှားသည့် ဆုံးဖြတ်ချက်ကို ချမှတ်သည်။

ကျောင်းသားတစ်ဦးကို ပညာရေး ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက် မရဘဲ ပြက္ခဒိန်နှစ် တစ်နှစ်တွင် ရက်သတ္တပတ် အပတ် ၂၀ ကျော် ကျောင်းမှဖယ်ရှား၍ မရနိုင်ပါ။

## ကျွန်ုပ် ကလေးကို ကျောင်းမှဖယ်ရှားလိုက်ပါက ဘာလုပ်ရမည်နည်း။

ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းမှဖယ်ရှားခြင်းကို မဆုံးဖြတ်မီ သင့်ကလေးအား ၁ ရက်မှ ၅ ရက်အကြား ကျောင်းတက်ရောက်ခြင်းမှ ဦးစွာဆိုင်းငံ့ထားရမည်။ ၎င်းကို ‘ကြားနာခြင်း မလုပ်မီ ဆိုင်းငံ့ခြင်း’ ဟုခေါ်ပါသည်။

အဆိုပါ ၁ ရက်မှ ၅ ရက် ဆိုင်းငံ့ထားစဉ် ‘ကြားနာရန် စည်းဝေးပွဲ” ကို ကျင်းပပေးသည်၊ ထို့ကြောင့်-

- သင် ၊ သင့်ကလေး နှင့် ကျောင်းသည် အကြောင်းခံအချက်အလက် အားလုံးနှင့် လူတိုင်း၏ အမြင်သဘောထားကို ကြားနာသိရှိနိုင်ပါမည်
- ဆုံးဖြတ်ချက်များကို စိုးရိမ်ရသည့်အပြုအမူအား အကောင်းဆုံးဖြေရှင်းပေးမည့်နည်းလမ်းနှင့်ပတ်သက်ပြီး ချမှတ်ပေးနိုင်ပါသည်။

သင့်ကလေးအား ကျောင်းမှဖယ်ရှားခြင်းအတွက် အဘယ်ကြောင့် ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်သည်ကို သင့်အား ရှင်းပြရန်နှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းချင်းရာကို ပြောပြရန် ကျောင်းသည် သင့်အား ဆက်သွယ်ပါမည်။

အဖြစ်အပျက် အလုံးစုံကို နားထောင်ရန်နှင့် ကျောင်းနှင့်သင့်ကလေး ပူးပေါင်းလုပ်ဆောင်ရန် အရေးကြီးပါသည်။ ဤသို့ဖြင့် အထောက်အကူပြုနိုင်သည်မှာ -

- စိတ်တည်ငြိမ်အောင်ထားရန်
- ဖြစ်ပျက်ခဲ့သည့်အကြောင်းကို သင့်ကလေးနှင့်ပြောဆိုရန်
- ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ကျောင်းနှင့်ပြောဆိုရန်

ကြားနာရန် စည်းဝေးပွဲအတွက် ကြိုတင်ပြင်ဆင်ရန် ကျောင်းနှင့် သင့်ကလေး အတူ ပူးပေါင်းလုပ်ကိုင်ရန် (ကြားနာရန် စည်းဝေးပွဲ အကြောင်း အချက်အလက်ကို စာမျက်နှာ ၂ တွင်ကြည့်ပါ)။

## ကျောင်းမှဖယ်ရှားခြင်းကို ကျောင်းအုပ်ကြီးက အဘယ်ကြောင့် ဆင်ခြင်သုံးသပ်နိုင်သည့် အကြောင်းရင်းများ

ကျောင်းမှဖယ်ရှားခြင်းဆိုသည်မှာ ပညာသင်ကြားရေးနှင့် သင်ယူရေးတွင် မလုံခြုံသည့် သို့မဟုတ် အကြိမ်ကြိမ် အနှောင့်အယှက်ဖြစ်စေသည့် ဆိုးဝါးသော အပြုအမူကို အချိန်ကြာ-တုံ့ပြန်ခြင်းတစ်ရပ်ဖြစ်ပါသည်။

ကျောင်းမှဖယ်ရှားခြင်းကို သုံးနိုင်သည်မှာ-

- ကျောင်းအား လူတိုင်းအတွက် လုံခြုံပြီး ကောင်းမွန်သော ပညာသင်ယူရာ နေရာများဖြစ်စေရန်အတွက် အထောက်အကူပြုရန်
- ကျောင်းသားအား လုံခြုံစွာနှင့် ကောင်းမွန်စွာ ပြုမူစေရန်အတွက် အခြား အရာများက အထောက်အကူပြုပေးခြင်း မရှိသည့်အခါ
- အနာဂတ်ကာလ၌ လုံခြုံပြီး ကောင်းမွန်သော အပြုအမူကို ပံ့ပိုးပေးရန် ဖြစ်စေလိုသည့် လိုအပ်သည့် အရာများကို ပူးပေါင်းဆောင်ရွက်ရန် ကျောင်းသား၊ ၎င်းတို့၏ မိဘများနှင့် စောင့်ရှောက်သူများအား အထောက်အကူပြုစေရန်
- ကျောင်းသားများအနေဖြင့် ကျောင်း၌ လုံခြုံစေမည့် ကျွမ်းကျင်မှုများကို လေ့လာရန်အတွက် အထောက်အကူပြုမည့် ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းကို ပံ့ပိုးပေးရန် ဖြစ်သည်။

## ဖြစ်ပျက်ခဲ့သည့် အကြောင်းချင်းရာကို စုဆောင်းခြင်း

ဖြစ်ပျက်ခဲ့သည်ကို ကျောင်းအုပ်ကြီး နားလည်စေမည့် အကြောင်းချင်းရာကို ကျောင်းက စုဆောင်းပါမည်။

သင့်ကလေး၏ သဘောထားအမြင်ကိုလည်း ၎င်းတို့က စူးစမ်းပါမည်။

ဖြစ်ပျက်ခဲ့သည်နှင့်ပတ်သက်၍ သင့်ကလေး၏ ယူဆချက်အမြင်ကို မည်သည့်အချိန်အခါနှင့် မည်သို့ ပြောပြနိုင်သည်ကို ကျောင်းအနေဖြင့် အကောင်းဆုံး အဆင်ပြေသလို ဆောင်ရွက်ပါမည်။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းမှဖယ်ရှားခြင်း အကြောင်းသိကောင်းစရာ

## ကျောင်းအုပ်ကြီးက ဆုံးဖြတ်ချက် ချမှတ်ပုံ

ကျောင်းအုပ်ကြီးသည် မျှတသော ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။ ဆုံးဖြတ်ချက်ကို မချမှတ်မီ ကျောင်းအုပ်ကြီး အနေဖြင့် အရာအများအပြားကို ထည့်သွင်းစဥ်းစားရန်လိုအပ်ပါသည်။ ဥပမာ-

- အခြားသူများထံမှ အကြောင်းအချက်အလက်များ
- သင့်ကလေး၏ သဘောထားအမြင်
- အပြုအမူ၏ ပြင်းထန်မှုနှင့် မည်မျှအကြိမ်ရေ ဖြစ်ပျက်မှု
- သင့်ကလေး၏ လိုအပ်ချက်များနှင့် လုံခြုံစွာနှင့် ကောင်းမွန်စွာ ပြုမူရန်အတွက် ၎င်းအား ပံ့ပိုးပေးထားသည့် ပံ့ပိုးမှု။

## ဥပဒေက ပြဌာန်းထားသည့်အရာ

ဥပဒေ (ပညာရေးနှင့် ကလေးများ ဝန်ဆောင်မှု အက်ဥပဒေ ၂၀၁၉ (Education and Children’s Services Act 2019)) ကပြဌာန်းထားသည်မှာ ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းသားက အောက်ပါကိစ္စကို ပြုမူသည်ဟု ယုံကြည်လျှင် ကျောင်းမှဖယ်ရှားနိုင်သည်ဟု ဆိုသည်-

- အကြမ်းဖက်ခြင်း သို့မဟုတ် အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း
- ကျောင်းသား၊ ကျောင်းဝန်ထမ်း၊ သို့မဟုတ် ကျောင်းနှင့်စပ်လျဥ်းသည့် အခြားသူ တစ်ဦး၏ လုံခြုံရေးကို သို့မဟုတ် သာယာဝပြောရေးကို ခြိမ်းခြောက်သည့်နည်းလမ်းဖြင့် ပြုမူခြင်း (ဥပမာ- နိုင်ထက်စီးနင်းခြင်း၊ လိင်ပိုင်းအနှောင့်အယှက်ပေးခြင်း၊ နှုတ်ဖြင့် ဆော်ကားခြင်း၊ လူမျိုးရေးနှိပ်စက်ခြင်း)
- ဥပဒေနှင့်ဆန့်ကျင်၍ ပြုမူဆောင်ရွက်ခြင်း
- ပညာသင်ကြားရေးနှင့် သင်ယူရေးကို အနှောင့်အယှက်ပြုခြင်း
- အပြုအမူနှင့်စပ်လျဥ်းသည့် ကျောင်းစည်းကမ်းများကို အကြိမ်ကြိမ် ချိုးဖောက်ခြင်း

## ကျောင်းသည် သင်နှင့်ဆက်သွယ်ပါမည်

ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းအုပ်ကြီးကိုယ်စား ဆောင်ရွက်သည့် ဝန်ထမ်းတစ်ဦးသည် ကျောင်းမှဖယ်ရှားသည့်အမိန့် မချမှတ်မီ သင့်ကလေးအား ဆိုင်းငံထားမည့်အမိန့်ချမှတ်ပြီးနောက် အမြန်ဆုံး သင့်အား ဆက်သွယ်ပါမည်။

သူတို့သည် သင်နှင့်အတူ အောက်ပါအကြောင်းကို ပြောဆိုပါမည်-

- ကျောင်းမှဖယ်ရှားခြင်းကို ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်သည့် အကြောင်းရင်းများ
- ကျောင်းမှဖယ်ရှားခြင်းအမိန့် မချမှတ်မီ ဆိုင်းငံ့ထားမည့် ကာလ အတိုင်းအတာ (ကျောင်းတက်ရက် ၁ ရက်မှ ၅ ရက်အထိ)
- ကျောင်းမှဆိုင်းငံ့ထားသည့် ကာလအတွင်း သင့်ကလေးသည် ကျောင်းဝင်းအတွင်း မလာရောက်နိုင်ပါ
- ကျောင်းသည် စာဖြင့်ရေးသားထားသည့် စာတစ်စောင်နှင့် ဤအချက်အလက်စာစောင်ကို သင့်အား ပေးပါမည်
- ကြားနာမည့် စည်းဝေးပွဲတွင် ဘာဖြစ်မည် ဥပမာ- မည်သူတက်ရောက်မည်
- သင့်အနေဖြင့် ပံ့ပိုးပေးသူတစ်ဦး သို့မဟုတ် ကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးကို ကြားနာရန် စည်းဝေးပွဲသို့ ခေါ်ဆောင်လာနိုင်သည် ကျောင်းအနေဖြင့်လည်း သင်လိုလားလျှင် ကျောင်းမှကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးကို သင့်အတွက် ဆောင်ရွက်ပေးနိုင်ပါသည်။
- ကြားနာရန် စည်းဝေးပွဲ မတိုင်မီ သင်နှင့် သင့်ကလေးကို ကျောင်းဝန်ထမ်းတစ်ဦးက ဆက်သွယ်ပါမည်

## ကျောင်းမှ ကိုယ်စားပြုဆောင်ရွက်ပေးသူ

ကျောင်းမှ ကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးသည် သင့်ကလေး ကျောင်း၏ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ အဆိုပါလူက လုပ်ပေးနိုင်သည်မှာ-

- သင်နှင့်သင့်ကလေး ကြားနာရန် စည်းဝေးပွဲသို့ တက်ရောက်ရန် ကူညီပေးသည်
- သင်နှင့် သင့်ကလေး၏ သဘောထားအမြင်များကို ကြားနာရန် စည်းဝေးပွဲသို့ တင်ပြပေးသည်
- သင်နှင့် သင့်ကလေး ထင်မြင်ယူဆသည့်အရာကို ကြားနာရန် စည်းဝေးပွဲရှိ လူများအား ပြောပြပေးသည်
- ကြားနာရန် စည်းဝေးပွဲက ကလေးအတွက် အကောင်းဆုံးအရာအပေါ် အာရုံစိုက်ပေးစေရန် ကူညီပေးသည်
- ချမှတ်ထားသည့် ဆုံးဖြတ်ချက်များ၊ နောက်ထပ် ဘာဖြစ်မည်နှင့် အကယ်၍ သင့်ကလေးအား ကျောင်းမှဖယ်ရှားလိုက်ပါက အယူခံဝင်ရန်အတွက် သင်၏ အခွင့်အရေးများကို နားလည်စေရန် သင့်အား ကူညီပေးမည်
- သင့်ကလေးအား ဆိုင်းငံ့ထားစဥ် သို့မဟုတ် ကျောင်းမှဖယ်ရှားထားစဥ် သင့်ကလေးအား ကျောင်းနှင့်ဆက်သွယ်နေစေရန် ကူညီပေးမည်
- ဆိုင်းငံ့ထားသည့်ကာလ သို့မဟုတ် ကျောင်းမှဖယ်ရှားထားသည့်ကာလ ကုန်ဆုံးချိန်၌ သင့်ကလေး ကျောင်းနှင့်ပြန်ဆက်သွယ်ရန် ကူညီပေးမည်။

## ကျောင်းမှဖယ်ရှားခြင်း မပြုလုပ်မီ ဆိုင်းငံ့ထားခြင်း

သင့်ကလေးသည် အိမ်၌ သင်၏စောင့်ရှောက်မှုအောက်တွင် နေရပါမည်။

ဤဆိုင်းငံ့ထားစဥ်ကာလအတွင်း ကျောင်းသည် သင့်ကလေးအား ကျောင်းစာများ ပေးမည် မဟုတ်ပါ။

အကယ်၍ သင့်ကလေးအတွက် အကျိုးရှိမည်ဆိုလျှင် ကျောင်းစာပေးရန် ကျောင်းက ဆုံးဖြတ်နိုင်သည်။

## ကြားနာရန် စည်းဝေးပွဲ

ကြားနာရန် စည်းဝေးပွဲကို အောက်ပါတို့ဖြင့် စည်းဝေးပါမည်-

- သင်
- သင့်ကလေး
- ကျောင်းဝန်ထမ်း။

## ကြားနာရန် စည်းဝေးပွဲမတိုင်မီ ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်မည်မှာ -

- မည်သည့် ဝန်ဆောင်မှုများက သင့်ကလေးအား အထောက်အကူပြုနိုင်မည်။ အကယ်၍ ပညာရေးဌာန၊ အခြား အစိုးရ ဌာနများ သို့မဟုတ် လူထုလူတန်းစား အခြေခံ အဖွဲ့အစည်းများမှ ဝန်ဆောင်မှုဌာနများကို ကြားနာရန် စည်းဝေးပွဲသို့ ကျောင်းက ဖိတ်ခေါ်လိုပါက သင့်ခွင့်ပြုချက်ကို တောင်းခံပါလိမ့်မည်။
- ပညာသင်ယူရေး အစီစဥ် နောက်တစ်နည်းအတွက် ဖြစ်နိုင်သော နည်းလမ်းများ။ အကယ်၍ သင့်ကလေးသည် အသက် ၁၆ နှစ် သို့မဟုတ် အောက်ဖြစ်ပါက ပညာသင်ယူရေးအစီအစဥ် နောက်တစ်နည်း လိုအပ်ပါလိမ့်မည်ဖြစ်ပြီး ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းမှဖယ်ရှားခြင်းကို လုပ်ရန်ဆုံးဖြတ်ပါမည်။
- ကြားနာရန် စည်းဝေးပွဲသို့ တက်ရောက်မည့်လူတိုင်းအား အထောက်အကူပြုမည့်အရာ ဥပမာ- အကယ်၍ စကားပြန် လို/မလို။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းမှဖယ်ရှားခြင်း အကြောင်းသိကောင်းစရာ

## ကြားနာရန် စည်းဝေးပွဲ၌ သင်နှင့်သင့်ကလေးတွင် အောက်ပါ အခွင့်အလမ်းကို ရရှိပါမည်-

- ကျောင်းမှ စိုးရိမ်သည့် အပြုအမူကို ကြားနာရန်
- အဆိုပါ စိုးရိမ်မှုများကို တုံ့ပြန်ရန်
- အကယ်၍ ကျောင်းမှဖယ်ရှားရန် ဆုံးဖြတ်သည့်အခါ သင့်အနေဖြင့် ကျောင်းအုပ်ကြီးက ထည့်သွင်း ဆင်ခြင်သုံးသပ်ပေးစေလိုသည့် အခြား အချက်အလက်များကို တင်ပြရန်
- အပြုမူကြောင့် ဖြစ်ပွားနိုင်သည့် ထိခိုက်နစ်နာမှုကို သင့်ကလေးအနေဖြင့် မည်သို့ ပြုပြင်ပေးနိုင်ကြောင်း ဆွေးနွေးရန် ဖြစ်သည်။
- ယင်းနောက် ကျောင်းအုပ်ကြီးက ဆုံးဖြတ်မည်မှာ -
- ကျောင်းမှဖယ်ရှားခြင်းကို လုပ်ဆောင်မည် ဟုတ်/မဟုတ်
- ပြက္ခဒိန် ရက်သတ္တပတ် ၄ ပတ်မှ ၁၀ ပတ်အထိ (သို့မဟုတ် ကျောင်းသုံးလပတ် လက်ကျန်ကာလတစ်ခုလုံး) ကျောင်းမှဖယ်ရှားခြင်း ကာလအတိုင်းအတာ။

အကယ်၍ ကျောင်းအုပ်ကြီးက သင့်ကလေးအား ကျောင်းမှဖယ်ရှားခြင်း မပြုပါက သင့်ကလေးသည် ဆိုင်းငံ့ခြင်းကာလကုန်ဆုံးချိန်၌ ကျောင်းသို့ ပြန်လာနိုင်သည်။

အပြုမူ သွန်သင်ရေးပံ့ပိုးမှု အစီစဉ်ကို သင်နှင့် သင့်ကလေးနှင့်အတူ ရေးဆွဲပေးပါမည်။

## အပြုအမူ ပံ့ပိုးရေး အစီအစဉ်

သင့်ကလေး၏ လုံခြုံပြီး အပြုသဘောဆောင်သော အပြုအမူကို ပံ့ပိုးပေးရန်အတွက် အပြုအမူ ပံ့ပိုးရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲပေးပါမည်။ အစီအစဉ်တွင် ပါဝင်သင့်သည်မှာ-

- လုံခြုံပြီး အပြုသဘောဆောင်သည့် အပြုအမူအတွက် သင့်ကလေး လိုအပ်သည့် ကျွမ်းကျင်မှုများ
- ဤကျွမ်းကျင်မှုများကို သင့်ကလေး လေ့လာဆည်းပူးပုံနှင့် ကူညီပေးမည့်သူများ
- သင့်ကလေး ကျွမ်းကျင်မှုများကို လေ့လာဆည်းပူးနေစဉ်နှင့် လေ့ကျင့်နေစဉ် အစစအရာရာ ဘေးကင်းပြီး ကောင်းမွန်နေနိုင်ပုံ
- သင့်ကလေး တိုးတက်လာနေကြောင်းကို လူတိုင်းက သိရှိမည့်နည်းလမ်း
- အနာဂတ်ကာလ၌ သင့်ကလေး၏ အပြုအမူနှင့်ပတ်သက်၍ စိုးရိမ်စရာ ဖြစ်လာလျှင် သင့်ကလေးအား ပံ့ပိုးပေးမည့်နည်းလမ်း
- လူတိုင်း၏ အခန်းကဏ္ဍတို့ဖြစ်ကြသည်။

အကယ်၍ သင့်ကလေးတွင် အစီအစဉ် တစ်ခု (One Plan) ရှိပြီးဖြစ်လျှင် အပြုအမူ ပံ့ပိုးရေး အစီအစဉ်သည် အဆိုပါ အစီအစဉ် (One Plan) တွင် ထည့်သွင်းပေးနိုင်ပါသည်။

## ကျောင်းမှဖယ်ရှားခြင်း ကာလအတွင်း

အကယ်၍ သင့်ကလေးသည် အသက် ၁၆ နှစ် သို့မဟုတ် အောက်ဖြစ်ပါက ကျောင်းအနေဖြင့် ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းကို သင့်ကလေးအတွက် စီစဉ်ပေးရမည်။

၎င်းတွင် ကျောင်းမှဖယ်ရှားခြင်းကာလအတွင်း သင့်ကလေးအတွက် ပညာသင်ယူရေးနှင့် အပြုအမူဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များပါသည့် အစီအစဉ်တစ်ရပ်ကို လုပ်ဆောင်ရန် ပါရှိပါမည်။

အကယ်၍ သင့်ကလေးသည် အသက် ၁၇ နှစ် သို့မဟုတ် အထက်ဖြစ်ပါက ကျောင်းအနေဖြင့် ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းကို သင့်ကလေးအတွက် စီစဉ်ပေးရန် မလိုအပ်ပါ။

## ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်း

ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းမှာ-

- အခြား ကျောင်းတစ်ကျောင်း၌ အတန်းနေရာချပေးခြင်း
- ပညာသင်ယူရေး ဌာန (Learning Centre) (မြို့နယ်နိမိတ်အတွင်း၌သာ) တစ်ခုတွင် အတန်းနေရာချပေးခြင်း
- သင့်ကလေး၏ ကိုယ်ပိုင်ကျောင်းရှိ သီးခြားနေရာတစ်ခုတွင် သင်ကြားပေးသည့် အစီအစဉ်တစ်ရပ်
- အိမ်၌ သင်ယူရေး အစီအစဉ်တစ်ရပ်။

အကယ်၍ အခြားနည်းလမ်းများ မရရှိနိုင်လျှင် ကျောင်းသားသည် ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းကို အိမ်၌သာ သင်ယူရမည်ဖြစ်သည်။

ကျောင်းပိတ်ထားသည့်ကာလအတွင်း ကျောင်းသားသည် ပညာသင်ယူရေး အစီအစဉ်ကို သင်ယူရန် မလိုပါ။

## အပတ်စဉ် စိစစ်အကဲဖြတ်ပေးခြင်း

ကျောင်းမှဖယ်ရှားခြင်းကာလအတွင်း ကျောင်းဝန်ထမ်းသည် တစ်ပတ်တစ်ခါ လာရောက်စစ်ဆေးခြင်းအားဖြင့် သင့်ကလေး၏ တိုးတက်မှုနှုန်းကို စိစစ်အကဲဖြတ်ပေးပါမည်။

## ကျောင်းမှဖယ်ရှားခြင်း ကာလလယ် သုံးသပ်ခြင်း

ကျောင်းအုပ်ကြီးသည် အောက်ပါတို့လုပ်ဆောင်ရန် ကျောင်းမှဖယ်ရှားခြင်း ကာလလယ်၌ သုံးသပ်မှုကို စီစဉ်ပါမည်-

- ပညာသင်ယူရေးဆိုင်ရာနှင့် အပြုအမူဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအပေါ် သင့်ကလေး၏ တိုးတက်မှုနှင့်ပတ်သက်၍ ပြောဆိုရန်
- အကယ်၍ လက်ရှိ အပြုအမူဆိုင်ရာအစီအစဉ်က သင့်ကလေးအား အထောက်အကူမပြုပါက အသစ်ပြင်ဆင်ပေးရန် ဖြစ်သည်။

## ကျောင်းမှဖယ်ရှားခြင်းကာလ ပြီးဆုံးပြီးနောက် ကျောင်းနှင့်ပြန်ဆက်သွယ်ခြင်း

အောက်ပါကိစ္စများဆောင်ရွက်ရန် သင့်ကလေး ကျောင်းပြန်မတက်မီ ကျောင်းနှင့်ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို ကျင်းပပါမည်-

- ကောင်းသော အပြုအမူ ပြောင်းလဲရေးကို ပံ့ပိုးပေးရန်
- အပြုအမူကြောင့် ထိခိုက်ခဲ့သည့် ဆက်ဆံရေးများကို ပြန်ပြုပြင်ပေးရန်
- အပြုအမူ ပံ့ပိုးရေး အစီအစဉ် သို့မဟုတ် အစီအစဉ်တစ်ခု (One Plan) ကို ပြန်လည်သုံးသပ်ရန်
- မျှော်လင့်ထားသည့် အပြုအမူကို သင့်ကလေးနားလည်ရန်အတွက် ကူညီပေးရန်
- သင့်ကလေးအား အထောက်အကူပြုမည့် ပံ့ပိုးမှုများကို ဖော်ထုတ်ရန်တို့ဖြစ်သည်။

အောက်ပါကိစ္စများဆောင်ရွက်ရန် သင့်ကလေး ကျောင်းပြန်မတက်မီ ကျောင်းနှင့်ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို အကယ်၍ သင မတက်ရောက်နိုင်ပါက-

- စည်းဝေးပွဲ လုပ်နိုင်သည့်အချိန်တိုင်အောင် အစီအစဉ် နောက်တစ်နည်းအတွက် သင့်ကလေး ကျောင်းပြန်တက်ပါမည်

သို့မဟုတ်

- အပြုအမူ ပံ့ပိုးရေး အစီအစဉ်ကို အခြား နည်းတစ်နည်းနည်းဖြင့် အသစ်ရေးဆွဲပါမည်။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းမှဖယ်ရှားခြင်း အကြောင်းသိကောင်းစရာ

သင်အဆင်ပြေသည့် နေ့ရက်နှင့် အချိန်တွင် ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို ကျောင်းက စီစဉ်ပေးပါမည်။ အကယ်၍ သင် ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို တက်ရောက်ရန် ငြင်းဆိုလျှင် သို့မဟုတ် သင် မတက်ရောက်နိုင်လျှင် သင့်ကလေး၏ ပညာသင်ယူရေး အစီအစဉ်နှင့် အပြုအမူ ပံ့ပိုးရေးကို သင် မပါဝင်ဘဲ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။

## အရေးကြီးသော သတင်းအချက်အလက်များ

### အလားတူ အပြုအမူအတွက် ကလေးများကို ကွဲပြားခြားနားစွာ လုပ်ဆောင်ပေးနိုင်သည်

ကျောင်းသား၏ အပြုအမူအပေါ် အကောင်းဆုံး တုံ့ပြန်မှုနှင့်ပတ်သက်၍ ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်သည့်အခါ အရာရာတိုင်းကို ကြည့်ရှုပြီး ကျောင်းသား၏ ပါဝင်ပတ်သက်မှုကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။

ကလေးနှစ်ဦးမှာ အလားတူ ပြုမူခဲ့နိုင်သည် သို့သော် ကလေးတစ်ဦးစီကို မတူကွဲပြားစွာ လုပ်ဆောင်ပေးခြင်းမှာ မျှတနိုင်ပါသည်။ ဥပမာ- ကလေး ၂ ဦး ခိုက်ရန်ဖြစ်ပွားခဲ့လျှင် ၁ ဦးကို ကျောင်းမှဖယ်ရှားနိုင်ပြီး အခြားတစ်ယောက်ကို မဖယ်ရှားခြင်းဖြစ်သည်။

### ကျောင်းတွင် ဖြစ်ပွားခြင်းမရှိသည့် အပြုအမူ

ကျောင်းချိန်ပြင်ပနှင့် ကျောင်းပရဝုဏ်ပြင်ပ၌ ဖြစ်ပွားခဲ့သော အပြုအမူအတွက် အကယ်၍ သင့်ကလေး၏ အပြုအမူနှင့် ကျောင်း သို့မဟုတ် ကျောင်းဆက်ဆံရေးများအကြား သင့်တင့်လျောက်ပတ်သော အဆက်အစပ်ရှိပါက သင့်ကလေးကို ကျောင်းမှဖယ်ရှားနိုင်ပါသည်။

### သင့်ကလေးသည် ၎င်းအား ဆိုင်းငံ့ထားစဉ် သို့မဟုတ် ကျောင်းမှဖယ်ရှားထားစဉ် ကျောင်းပရဝုဏ်အတွင်း မနေနိုင်ပါ

သင့်ကလေးသည် ၎င်းအား ဆိုင်းငံ့ထားစဉ် သို့မဟုတ် ကျောင်းမှဖယ်ရှားထားစဉ် ကျောင်းပရဝုဏ်အတွင်း နေခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။ အကယ်၍ သင့်ကလေး ကျောင်းပရဝုဏ်အတွင်း လာရောက်ပါက ၎င်းသည် ရာဇဝတ်မှု ကျူးလွန်သည်။

သင့်ကလေးသည် ကြားနာရန် စည်းဝေးပွဲ၊ ဖယ်ရှာထားသည့်ကာလလယ် ပြန်လည်သုံးသပ်သည့် စည်းဝေးပွဲနှင့် ပြန်ဆက်သွယ်မည့် စည်းဝေးပွဲတို့ တက်ရောက်ရန် ကျောင်းပရဝုဏ်အတွင်း လာရောက်နိုင်သည်။

အကယ်၍ ကျောင်းပရဝုဏ်တွင်း လာရောက်ရန် သင့်ကလေးတွင် အခြားကောင်းသော အကြောင်းရင်းများရှိပါက၊ ဥပမာ-

- ကျောင်းပရဝုဏ်အတွင်း ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများကို ရယူရန်
- သဘောတူထားသော ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းကို တက်ရောက်ရန်

ကျောင်းအုပ်ကြီးသည် ဤကိစ္စကို စာဖြင့် အတည်ပြုပေးနိုင်သည်။

### အခြားကျောင်းတွင် အပ်နှံခြင်း

သင်သည် သင့်ကလေးအား ကျောင်းမှဖယ်ရှားထားစဉ် အခြားကျောင်းတစ်ကျောင်း၌ အပ်နှံ၍ မရနိုင်ပါ။ အကယ်၍ ကျောင်းမှဖယ်ရှားခြင်းကာလ ပြီးဆုံးပြီးနောက် သင့်ကလေးကို အခြားကျောင်းသစ်တစ်ကျောင်း၌ အပ်နှံမည်ဆိုပါက သင့်ကလေး၏ အပြုအမူအတွက် ပံ့ပိုးမှု လိုအပ်နေသေးသည်။

လက်ရှိ ကျောင်းအုပ်ကြီးနှင့် ကျောင်းသစ်ကျောင်းအုပ်ကြီးတို့သည် သင့်ကလေး၏ အပြုအမူအကြောင်း ပြောဆိုကြမည်ဖြစ်ပြီး ကျောင်းနှစ်ကျောင်းလုံး၊ သင်နှင့် သင့်ကလေးတို့အကြား အပြုအမူ ပံ့ပိုးရေး အစီအစဉ်တစ်ရပ်ကို ပူးပေါင်း၍ရေးဆွဲပါလိမ့်မည်။

### အကယ်၍ သင်သည် သင့်ကလေးအား ကျောင်းမှဖယ်ရှားသည့် ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက

သင် ၊ သင့်ကလေး သို့မဟုတ် သင့်တောင်းဆိုချက်အရ သို့မဟုတ် သင့်ကလေး၏ တောင်းဆိုချက်အရ ဆောင်ရွက်ပေးသည့်လူကြီးက အောက်ပါကိစ္စအပေါ် အယူခံဝင်နိုင်သည်-

- ကျောင်းမှဖယ်ရှားခြင်း
- ကျောင်းမှဖယ်ရှားသည့်ကာလကို တိုးမြှင့်ခြင်း။

အကယ်၍ သင် အောက်ပါအတိုင်း ထင်မြင်ယူဆပါက သင့်ကလေးကို ကျောင်းမှဖယ်ရှားသည့် ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်ကို သင် အယူခံဝင်နိုင်သည်-

- ကျောင်းအုပ်ကြီးသည် မမှန်ကန်သော အချက်အလက်အပေါ် အခြေခံ၍ သင့်ကလေးအား ကျောင်းမှဖယ်ရှားခဲ့သည်။  ဥပမာ၊ ကျောင်းအုပ်ကြီးက သင့်ကလေးအား ကျောင်းမှဖယ်ရှားရန် အခြေခံသည့်အချက်အလက်ကို သင့်ကလေး မလုပ်ခဲ့ပါ
- ကျောင်းသည် မှန်ကန်သော လုပ်ထုံးလုပ်နည်းကို မလိုက်နာခဲ့ပါ။ ဥပမာ၊ ကျောင်းသည် ကြားနာရန် စည်းဝေးပွဲကို မကျင်းပပေးခဲ့ပါ
- ကျောင်းမှဖယ်ရှားခြင်းကာလမှာ ကြာရှည်လွန်းသည်။ ဥပမာ၊ ကျောင်းမှဖယ်ရှားခြင်းကာလမှာ သင့်ကလေးအား လုံခြုံစွာ ကျောင်းပြန်တက်ရန် ပံ့ပိုးမှုအတွက် ချမှတ်ရန် ကျောင်းမှလိုအပ်သည့်ကာလထက် ပိုမိုကြာရှည်လွန်းသည်
- ကျောင်းမှဖယ်ရှားသည့် စည်းကမ်းချက်များမှာ သင့်ကလေး၏ လိုအပ်ချက်များနှင့် မကိုက်ညီပါ။ ဥပမာ၊ ပညာသင်ယူရေးအစီအစဉ် နောက်တစ်နည်းသည် သင့်ကလေးအား လုံလုံလောက်လောက် မပံ့ပိုးပေးနိုင်ပါ။

သင့်ကလေးအား ကျောင်းမှဖယ်ရှားခြင်းအပေါ် အယူခံဝင်သည့် လုပ်ငန်းဖြစ်စဉ်ကို ကြားနာရန် စည်းဝေးပွဲ၌ သင့်အား ရှင်းပြရမည်။ ကျောင်းသည် သင့်အား အယူခံပုံစံကို ပေးပါမည်။

အကယ်၍ ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် သင်ဆုံးဖြတ်ပါက ကြားနာရန် စည်းဝေးပွဲလုပ်ပြီး ကျောင်းဖွင့်ရက် ၅ ရက်အတွင်း သင့်ဒေသခံ ပညာရေးရုံး ပညာရေးညွှန်ကြားရေးမှူးထံ ထိုပုံစံကို တင်သွင်းရမည်။ အကယ်၍ ထိုဒေသခံ ပညာရေးရုံး တည်နေရာကို သင် မသိပါက-

- သင့်ကလေးကျောင်းကို မေးပါ
- ပညာရေး ဌာန ဖုန်း ၈၂၂၆ ၁၀၀၀ သို့ဖုန်းခေါ်ဆိုပါ
- ဝက်ဘ်ဆိုက်- www.education.sa.gov.au/findaschool တွင် သင့်ကလေးကျောင်းကို ရှာပါ။ ပညာရေး ညွှန်ကြားရေးမှူး၊ ပညာရေးရုံးနှင့် ဖုန်းနံပါတ်မှာ ကျောင်းစာရင်းတွင် ရှိပါသည်။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းမှဖယ်ရှားခြင်း အကြောင်းသိကောင်းစရာ

## ပိုမိုသိရှိရန်အတွက် ဆက်သွယ်ရမည့်အသေးစိတ်အချက်များ

ကျောင်းမှဖယ်ရှားခြင်းနှင့် အယူခံဝင်မည့် လုပ်ငန်းဖြစ်စဉ်အကြောင်း အောက်ပါအတိုင်း သင်ပိုမိုသိရှိနိုင်သည်-

- ကျောင်းအုပ်ကြီး သို့မဟုတ် အခြား ကျောင်းခေါင်းဆောင်တစ်ဦးနှင့် ရက်ချိန်းယူခြင်း
- သင့်ဒေသခံ ပညာရေးရုံးကို ဆက်သွယ်ခြင်း
- ပညာရေး ဌာန ဖုန်း ၈၂၂၆ ၁၀၀၀ သို့ဖုန်းခေါ်ဆိုခြင်း
- ပညာရေးဌာန ဝက်ဘ်ဆိုက် https://www.education.sa.gov.au/ တွင် ဝင်ရောက်၍ 'exclusion' ကိုရှာပါ။

## ထပ်ဆင့် ပံ့ပိုးမှုများ

ထပ်ဆင့်အပို ပံ့ပိုးမှုအတွက် သင် မိဘ အကူအညီဖုန်းလိုင်း ဖုန်း ၁၃၀၀ ၃၆၄ ၁၀၀ (၂၄ နာရီ ဝန်ဆောင်မှု) ကိုဆက်သွယ်နိုင်သည်။

အကယ်၍ သင့်ကလေးသည် တစ်စုံတစ်ယောက်နှင့် စကားပြောဆိုရန် လိုအပ်ပါက အောက်ပါတို့ကို ဆက်သွယ်ရန် အားပေးပါ-

- Headspace

  အသက် ၁၂ နှစ်မှ ၂၅ နှစ် အရွယ် ကလေးများနှင့် လူငယ်များအား စိတ်ကျန်းမာရေး ပံ့ပိုးမှု ဖုန်း- 1800 650 890.

- Kids Helpline

  အသက် ၅ နှစ်မှ ၂၅ နှစ်အရွယ် ကလေးများနှင့် လူငယ်များအတွက် သက်တူရွယ်တူ ပံ့ပိုးမှု၊ ကိုယ်တိုင် ကြည့်ရှုနိုင်သည့် ရင်းမြစ်များနှင့် ဖုန်းနှင့်ဖြစ်စေ အွန်လိုင်းဖြင့်ဖြစ်စေ ဖြေသိမ့်ဆွေးနွေးပေးမှု ဖုန်း - 1800 55 1800.